# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၈၄ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ တော်သလင်းလဆန်း ၅ ရက်

( ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက် )

**ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း**

၁။ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ နိုင်ငံတစ်ဝန်း အရေးပေါ်အခြေအနေဖြစ်ပေါ်နေခြင်းကြောင့် ပြည်တွင်းပြည်ပကုန်သွယ်မှုလုပ်ငန်းများတွင် နှောင့်နှေးကြန့်ကြာမှု အခက်အခဲများမရှိစေရေးအတွက် **"ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီ"** ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဗိုလ်ချုပ်ကြီး မြထွန်းဦး<br>ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးဝင်းရှိန်<br>ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဒုတိယဗိုလ်ချုပ်ကြီး ညိုစော<br>နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏အကြံပေးပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်နိုင်ဦး<br>ပြည်ထောင်စုဝန်ကြီး<br>စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (င) | ဦးအောင်ကျော်ထွန်း<br>ဒုတိယဝန်ကြီး<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (စ) | ဒုတိယဗိုလ်ချုပ်ကြီး နီလင်းအောင်<br>ဒုတိယဝန်ကြီး<br>ပြည်ထဲရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| (ဆ) | ဒုတိယဝန်ကြီး<br>စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | အဖွဲ့ဝင် |

(၈) ဦးဝင်းရှိန် အဖွဲ့ဝင်
ဒုတိယဝန်ကြီး
အလုပ်သမားဝန်ကြီးဌာန

(၉) ဦးဇော်မြင့်နိုင် အဖွဲ့ဝင်
ဒုတိယဥက္ကဋ္ဌ
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(၁၀) ဗိုလ်မှူးကြီး ဝင်းတင့် အဖွဲ့ဝင်
လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့

(၁၁) ဒေါက်တာသီသီမြင့် အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
ဥပဒေရေးရာဝန်ကြီးဌာန

(၁၂) ဒုတိယဝန်ကြီး အတွင်းရေးမှူး
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

၂။ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟို**ကော်မတီ**၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကုန်သွယ်စီးပွားလုပ်ငန်းများ ပြန်လည်ဦးမော့လာစေရေးအတွက် ရေဆိပ်၊ လေဆိပ်များနှင့် နယ်စပ်ကုန်သွယ်မှုစခန်းနေရာများအားလုံး၌ အဓိကထားဆောင်ရွက်ရမည့်လုပ်ငန်းများ မှန်ကန်မြန်ဆန်မှုရှိစေရေးအတွက် အဓိကကျသောလုပ်ငန်းစဉ်များအပေါ်တွင် မူဝါဒများ ချမှတ်ခြင်း၊ စံသတ်မှတ်ချက်လုပ်နည်းစနစ် (SOP)များ သတ်မှတ်ပေးခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ခ) ကုန်သွယ်မှုဆိုင်ရာမူဝါဒများ၊ လုပ်ငန်းစဉ်များသည် အများပြည်သူကုမ္ပဏီလုပ်ငန်းရှင်များ ရှင်းလင်းလွယ်ကူစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေးနှင့် မှန်ကန်မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) ကုန်သွယ်မှုလုပ်ငန်းများ လျင်မြန်ချောမွေ့စေရေးအတွက် One Stop Service Committee(OSSC) အဖွဲ့များကို စနစ်တကျဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် သမားရိုးကျ လုပ်ငန်းစဉ်များအပေါ် ဖြေလျှော့ဆောင်ရွက်ပေးခြင်း၊

(ဃ) နိုင်ငံတော်၏စီးပွားရေးကို တိုက်ရိုက်ထိခိုက်စေသည့် ကုန်သွယ်ရေးလိုငွေပြမှုမဖြစ်ပေါ်စေရေးအတွက် မလိုအပ်သောကုန်ပစ္စည်း(Non-essential Commodity)များ တင်သွင်းခြင်းအပေါ် စိစစ်ဆောင်ရွက်ခြင်းနှင့် တရားမဝင်တင်သွင်းလာသော ကုန်ပစ္စည်းများကို ထိရောက်စွာ တားဆီးဆောင်ရွက်ခြင်း၊

(င) ကုန်သွယ်စီးပွားဆိုင်ရာ တရားဝင်ငွေကြေးစီးဆင်းမှုအတွက် ဘဏ်လုပ်ငန်းများ စနစ်တကျ မှန်ကန်မြန်ဆန်ချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲခြင်း၊

(စ) တရားမဝင်ကုန်သွယ်မှု မဖြစ်ပေါ်စေရေးအတွက် အလေးထား၍ စီစဉ်ဆောင်ရွက်ခြင်း၊

(ဆ) ကုန်သွယ်မှုလုပ်ငန်းစဉ်များ မှန်ကန်မြန်ဆန်စေရေးအတွက် လုပ်ငန်း**ကော်မတီ**၏ လုပ်ငန်းတာဝန်ဆောင်ရွက်မှုများအပေါ် လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်းနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်း။

၃။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၅ - ၇ - ၂၀၂၃ ရက်စွဲပါ အမိန့်အမှတ် ၄၂ / ၂၀၂၃ နှင့် ၆ - ၉ - ၂၀၂၃ ရက်စွဲပါ အမိန့်အမှတ် ၈၁ / ၂၀၂၃ တို့ကို ဤအမိန့်ဖြင့် လွှမ်းမိုးပယ်ဖျက်ပါသည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အ**တွင်း**ရေးမှူး